TSUNAHIRO

ミャンマー語

“နေထိုင်မှုဘဝပြုမည့်သူဖြစ်သည့်နိုင်ငံခြားသား”များအတွက်
ဂျပန်ဘာသာစကားလေ့လာသင်ယူမှုပြုနိုင်သောဝက်ဘ်ဆိုက်

# ချိတ်ဆက်ချဲ့ထွင်ပြီး
# ဂျပန်ဘာသာစကားဖြင့်နေထိုင်ခြင်း

ဂျပန်နိုင်ငံတွင်နေထိုင်သည့်နိုင်ငံခြားသားများ
နေထိုင်မှုဘဝတွင်လိုအပ်မည့် ဂျပန်စကားသင်ယူရန်အတွက်
ဂျပန်ဘာသာစကားလေ့လာသင်ယူမှု
ပြုနိုင်သောဝက်ဘ်ဆိုက်ဖြစ်ပါသည်။



ဝက်ဘ်ဆိုက်သည် ဤလင့်ခ်ဖြစ် ကွန်ပြူတာနှင့် စမတ်ဖုန်းတို့ဖြင့် အသုံးပြုနိုင်ပါသည်

tsunagarujp.mext.go.jp/?lang_id=MY

文部科学省
MINISTRY OF EDUCATION, CULTURE, SPORTS, SCIENCE AND TECHNOLOGY-JAPAN

# အသုံးပြုနည်း


## အချက် 1 ဘာသာစကားများစွာ ဖြင့်ရရှိနိုင်ခြင်း



ဘာသာစကားများစွာနှင့်ရိုမာဂျီးဖြင့် ပံ့ပိုးထားပါသည်။

တရုတ်ဘာသာ (လက်ရေးတို)၊ တရုတ်ဘာသာ (လက်ရေးရှည်)၊ အင်္ဂလိပ်ဘာသာ၊ ဖိလစ်ပိုင်ဘာသာ၊ ပြင်သစ်ဘာသာ၊ အင်ဒိုနီးရှားဘာသာ၊ ခမာ (ကမ္ဘောဒီးယား) ဘာသာ၊ ကိုရီးယားဘာသာ၊ မွန်ဂိုဘာသာ၊ မြန်မာဘာသာ၊ နီပေါဘာသာ၊ ပေါ်တူဂီဘာသာ၊ ရုရှားဘာသာ၊ စပိန်ဘာသာ၊ ထိုင်းဘာသာ၊ ယူကရိန်းဘာသာ၊ ဗီယက်နမ်ဘာသာ၊ ဂျပန်ဘာသာ


## အချက် 2 နေထိုင်မှုဘဝအခြေအနေများအတွက် အထူးသီးသန့်ဖန်တီးထားခြင်း




ဂျပန်နိုင်ငံတွင်နေထိုင်မည့်နိုင်ငံခြားသားများကြုံတွေ့ရမည့် နေထိုင်မှုဘဝအခြေအနေများ၌ သုံးစွဲရမည့်ဂျပန်စကားများကို သင်ယူနိုင်ရန် အထူးသီးသန့်ဖန်တီးပေးထားပါသည်။

## အချက် 3 ဗွီဒီယိုဗဟိုပြုလေ့လာခြင်း

နေထိုင်မှုဘဝထဲရှိအခြေအနေများကို ပြန်လည်ဖော်ထုတ်ထားသည့် ဗွီဒီယိုများ၊ ဝါကျပုံစံများကို ရှင်းပြထားသည့်ဗွီဒီယိုများ စသည်ဖြင့် အမြင်အာရုံ၊ အကြားအာရုံတို့ဖြင့် နားလည်ရလွယ်ကူနိုင်မည့် သင်ထောက်ကူများကို အများအပြား စုံစုံလင်လင်ရရှိနိုင်ပါသည်။





### ဘာသာစကားရွေးချယ်ခြင်း

### အဆင့် ရွေးချယ်ခြင်း

မိမိနှင့်ကိုက်ညီသောအဆင့်ဖြင့် သင်ယူနိုင်စေရန် အဆင့်များ ခွဲပေးထားပါသည်။

### ခေါင်းစဉ်၊ ပန်းတိုင်

ပြကွက်အသီးသီးရှိ ခေါင်းစဉ်နှင့် ပန်းတိုင်တို့ကို ဖော်ပြပေးပါသည်။

### အဓိကစကားလုံးများ

ဤစာမျက်နှာတွင် သင်ယူနိုင်မည့် အဓိကစကားလုံးများကို ဖော်ပြပေးထားပါသည်။

### ဗွီဒီယိုများ

ခေါင်းစဉ်နှင့်လိုက်ဖက်ညီသည့်ဗွီဒီယိုများကို တင်ဆက်ပေးထားပါသည်။

### စာတန်းထိုး

ဗွီဒီယိုထဲတွင် ဒိုင်ယာလော့ခ်များကို ထည့်သွင်းဖော်ပြထားပါသည်။ စာတန်းထိုးအတွက် ဂျပန်ဘာသာ၊ Romaji၊ နိုင်ငံခြားဘာသာတို့ကို ရွေးချယ်နိုင်ပါသည်။

### ဇာတ်ညွှန်းစာသား

ဗွီဒီယိုထဲရှိ ဒိုင်ယာလော့ခ်အားလုံးကို စာရင်းဖြင့်ကြည့်နိုင်ပါသည်။

### ဤစကားစုများကို မှတ်သားကြရအောင်

ဗွီဒီယိုထဲတွင်ပါသည့် အရေးကြီးသောစကားစုများကို အတိအကျလေ့လာသင်ယူနိုင်ပါသည်။

### ဤဝေါဟာရများကို မှတ်သားကြရအောင်

ဗွီဒီယိုထဲတွင်ပါသည့် အရေးကြီးသောဝေါဟာရနှင့် ယင်း၏အဓိပ္ပာယ်ကို သင်ယူနိုင်ပါသည်။

### အသုံးဝင်သောဝေါဟာရများ



ပြကွက်အသီးသီးတွင် တင်ဆက်ထားသည့် ဝေါဟာရများနှင့်ဆက်စပ်ပြီး အသုံးဝင်သောဝေါဟာရများကို ဝေါဟာရစာရင်းတွင် ကြည့်နိုင်ပါသည်။

### အသုံးဝင်သောသတင်းအချက်အလက်များ 〈ကော်လံ〉

ဂျပန်နိုင်ငံတွင် နေထိုင်သူ နိုင်ငံခြားသားများထံ ဗွီဒီယို၏ အာဘော်နှင့် သက်ဆိုင်သော အတွေ့အကြုံများ မေးမြန်းပြီး အင်တာဗျူးဆောင်းပါးအဖြစ် စုစည်းထားပါသည်။

### အသုံးဝင်သောသတင်းအချက်အလက်များ 〈ဗွီဒီယို〉

လေ့လာသင်ယူမည့်ခေါင်းစဉ်နှင့်ပတ်သက်ဆက်နွယ်သောအချက်များကိုသိရှိပါက ၊အသုံးဝင်သောသတင်းအချက်အလက်များ၏ဗွီဒီယိုကိုကြည့် ရှုနားထောင်နိုင်ပါမည်။

## အချက် 4 ဂျပန်ဘာသာစကားဆိုင်ရာ အခြေခံဗဟုသုတများကိုလည်း တင်ဆက်ထားခြင်း

ဂျပန်ဘာသာစကား၏ထူးခြားချက်များနှင့် ကြိယာသုံးစွဲပုံများစသည်ဖြင့် ဂျပန်ဘာသာစကားကို မသင်ယူမီ သိထားပါက အဆင်ပြေစေနိုင်မည့် အချက်အလက်များကိုလည်း အရေအတွက်များစွာ တင်ဆက်ပေးထားပါသည်။




## အချက် 5 အရေးအဖတ် လေ့လာသင်ယူမှုအတွက်လည်း အထောက်အကူပေးထားခြင်း

ဂျပန်ဘာသာစကားသည် စာလုံးအမျိုးအစားများစွာရှိပြီး ခက်သည်ဟုခံစားရသည့်သူများလည်း များစွာရှိနိုင်ပါသည်။ ဤကဏ္ဍတွင် နေထိုင်မှုဘဝ၌ကြုံတွေ့ရမည့် အရေးအဖတ်အတွက် နည်းလမ်းကောင်းများ၊ အရေးအဖတ်နှင့် အကျွမ်းတဝင်ရှိလာစေမည့် နည်းလမ်းများဖြင့် မိတ်ဆက်ပေးထားပါသည်။



## အချက် 6 စစ်ဆေးအတည်ပြုနိုင်ပါသည်။

ဂျပန်ဘာသာစကားကိုမသင်ယူမီ မိမိ၏ ဂျပန်ဘာသာစကားစွမ်းရည်သည် မည်သည့်အဆင့်ဖြင့် ကိုက်ညီကြောင်းကို စစ်ဆေးအတည်ပြုနိုင်ပါသည်။



### ဇာတ်လမ်းအသစ်များ အစဉ်လိုက် ထပ်တိုးခြင်း

လေ့လာသင်ယူမှုဆိုင်ရာ လိုအပ်ချက်များအလိုက် ဇာတ်လမ်းအသစ်များ အစဉ်လိုက် ထပ်တိုးထားပါသည်။ ယခုအကြိမ်တွင် ကလေးထိန်းကျောင်းပြုစုရေးနှင့် ပညာသင်ကြားရေးဇာတ်ကွက်များ ထပ်တိုးထားပါသည်။



# ဤပြကွက်မျိုးဖြင့် သင်ယူနိုင်ပါသည်။

**အရင်ဆုံးမှတ်သား ကြရအောင်! ဂျပန်ဘာသာစကားရှိ အဆင်ပြေလွယ်ကူသော စကားစုများ**

▼လျှောက်လမ်းကျဉ်းသော ဆိုင်အတွင်း



အဆင်ပြေပါသလား။
Daijoobu desu ka.

ကျေးဇူးတင်ပါတယ်။
Arigatoogozaimasu.

**အဆင့် 1**

▼မှာဖို့ ဆုံးဖြတ်ပြီးသွားပြီလားရှင်။



မှာဖို့ဆုံးဖြတ်ပြီးသွားပြီလားရှင်။
Gochuumon wa okimari desu ka.

ဟုတ်ကဲ့၊ ဒီဟာကို ပေးပါ။
Hai, kore, onegaishimasu.

**အဆင့် 2**

▼နေထိုင်သူအဖြစ်မှတ်ပုံတင်ဖို့ စာရွက်စာတမ်းတွေလုပ်ဆောင်ပေးပါ။



ဒါဆိုရင် နေထိုင်သူအဖြစ်မှတ်ပုံတင်ဖို့ စာရွက်စာတမ်းတွေလုပ်ဆောင်ပေးပါ။
Dewa, juumin-tooroku no tetsuzuki o onegaishimasu.

Juumin…tooroku…ဆိုတာ ဘာလဲခင်ဗျာ။
“Juumin…tooroku”…tte, nan desu ka.

**အဆင့် 3**

▼၁ လ ပြည့်ကာစပါ။ New



Lina San ကော နို့တိုက်တာ ၃ နာရီခြားလား။
Rina-san mo mada junyuu wa san-jikan oki desu ka.

ဟုတ်တယ်နော်။ ၃ နာရီခြားဆို ညလည်း အေးဆေး အိပ်လို့ မရဘူးနော်။
Soo desu ne. San-jikan oki da to, yoru mo yukkuri nete irarenai desu ne.

## အဆင်ပြေသော Tool



### လူထုဆက်ဆံရေးပိုင်းဆိုင်ရာဗွီဒီယို

ဝက်ဘ်ဆိုက်၏အကြောင်းအရာအနှစ်ချုပ်ကို ဗွီဒီယိုဖြင့် ရှင်းပြထားပါသည်။ (ဘာသာစကားများစွာဖြင့် ပံ့ပိုးပေးထားသည်)



### အသုံးပြုနည်းလမ်းညွှန်စာအုပ်

ဆက်လက်လေ့လာသင်ယူနည်းနှင့် ဝက်ဘ်ဆိုက်တွင် တင်ထားသည့် အကြောင်းအရာများကို အသေးစိတ် စုစည်းထည့်သွင်းထားပါသည်။ (ဂျပန်ဘာသာဖြင့်သာ)




### လေ့လာနည်း လမ်းညွှန်

**ဗီဒီယိုကိုကြည့်ပြီး "Tsunahiro" တွင် လေ့လာနည်း**

Tsunahiroကိုအသုံးပြုပြီးလေ့လာနည်းကိုနားလည်လွယ်ကူစွာရှင်းလင်းပြသထားသည့်ဗီဒီယိုဖြစ်ပါသည်။(ဘာသာစကားများစွာဖြင့် ပံ့ပိုးထားသည်)

**စုံစမ်းမေးမြန်းရန်** | **ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဘက်စုံပညာရေးဆိုင်ရာ မူဝါဒရေးရာ ဦးစီးဌာန ဂျပန်ဘာသာစကားပညာရေးဌာန**

**(ဖုန်း) 03-5253-4111 (လက်ခံကောင်တာဖုန်း)**
**(အီးမေးလ်) chiikinihongo@mext.go.jp**

©Ministry of Education, Culture, Sports, Science and Technology

2024.08